မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်
Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. __ Volume 15/Issue 9/ September/ 2022*

## အိမ်ထောင်မှာမေတ္တာ

ပတ်ဝန်းကျင်တင့်တယ်စေရာ .. အိမ်ထောင်မှာမေတ္တာ
ချိုသာဝမ်းမြောက်သံကြားရာ .. အိမ်ထောင်မှာမေတ္တာ။
ချမ်းသာငြိမ်သက်ခြင်းပြည့်ဝ .. ပြုံးရွှင်မျက်နှာသာတွေ့ရ။
ချိုသာစွာရွှေ့သွားချိန်မှာ .. အိမ်ထောင်မှာမေတ္တာ။

တဲအိမ်၌ပင်ရွှင်ပျော်ရာ .. အိမ်ထောင်မှာမေတ္တာ
ဝန်တိုမုန်းတီးခြင်းနှင့်ကင်း .. အိမ်ထောင်တွင်ချစ်ခြင်း။
ခြေအောက်တွင်ခင်းနှင်းဆီပင် .. မြေပြင်လုံးစင်းလှဥယျာဉ်
သက်တာစုံစွာစံစားရာ .. အိမ်ထောင်မှာမေတ္တာ။

ထက်ကောင်းကင်တွင်ပြုံးရွှင်ကာ .. အိမ်ထောင်မှာမေတ္တာ။
မြေအောက်တွင်မေတ္တာလွှမ်းရှာ .. အိမ်ထောင်မှာမေတ္တာ။
ရေစီးချောင်းများသီဆိုကြ .. မိုဃ်းပေါ်ရောင်ဝါထွန်းတောက်ပ
ထက်ရပ်မှရွှင်ပြုံးမူခါ .. အိမ်ထောင်မှာမေတ္တာ။

ငါ့သက်လုံးကိုယ်တော်ပိုင်ရာ .. အိမ်ထောင်မှာမေတ္တာ
ကိုယ်တော်စွန့်နည်းလိုက်ရှောက်ရာ .. မေတ္တာမှန်ပွားလာ။
ဘေးရန်လုံးစုံမှကွာရှင်း .. ပြစ်ကြောင့်စိတ်ပျက်ခြင်းနှင့်ကင်း
ကျေးဇူးတော်ဖြင့်ကယ်တင်လှာ .. မေတ္တာတော်ဖုံးပါ ။

အိမ်ထောင်မှာ ချစ်မေတ္တာ .. ချိုသာစွာ ရွှေ့သွားချိန်မှာ
အိမ်ထောင်မှာမေတ္တာ ။ ။

## B.C.F. 2022, September Events

| September 2022 | | | | | | |
|---|---|---|---|---|---|---|
| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
| | | | | 1 | 2 | 3 |
| 4 | 5 | 6 | 7 | 8 | 9 | 10 |
| 11 | 12 | 13 | 14 | 15 | 16 | 17 |
| 18 | 19 | 20 | 21 | 22 | 23 | 24 |
| 25 | 26 | 27 | 28 | 29 | 30 | |

***9/04/2022***
***… Holy Communion …***

***9/11/2022***
***… Grand Parents Day Sunday Service …***

***9/18/2022***
***… Christian Home And Family Day Service …***
***Guest Speaker … Rev. Htwe din Nyunt***

***9/25/2022***
***… Worship through Meditation with Hymnal Music …***

*****************************

***BCF Sunday Service … 2:00 PM***
***Bible Study … 1:00 PM***
***Children Sunday School … 2:15 PM***
***at 1337 Farmstead Ave. La Puente, CA 91745.***

# ဝမ်းမြောက်ဖွယ်ရာ
# ဗတ္တိဇံမင်္ဂလာ သတင်း

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

**သခင်တပါး၊ ယုံကြည်ခြင်းတပါး၊ ဗတ္တိဇံတပါး၊**
**ခပ်သိမ်းသော ငါတို့၏အဘဖြစ်သော ဘုရားသခင်တဆူတည်း ရှိတော်မူ၏။**
**(ဖေက်သြဝါဒစာစောင်၄း၅)**




၉–၄–၂၀၂၂ ၊ မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော် ( BCF) ၏ တနင်္ဂနွေနေ့ ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်၌ Johnson Mon နှင့် Yumi Mintin တို့အား အသင်းတော်၏ Senior Pastor Rev. Henry Ang နှင့် Associate Pastor Rev. Livingstone Zan တို့က ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမတော်မြတ်၌ ဗတ္တိဇံ ပေးခဲ့ပါ သည်။

ထိုနေ့ဝတ်ပြုစည်းဝေး၌ပင်၊ ၂၀၂၂ ခုနှစ် အသင်းတော်ဥက္ကဌ ကိုကျော်ကျော်သိန်း က ဗတ္တိဇံခံယူသူ(၂) ဦးအား လက်ဆွဲနှုတ်ဆက်ကာ Certificate of Baptism ကိုပေးအပ်ခဲ့ပါသည်။ အသင်းတော်၏ သိက္ခာတော်ရ ဆရာ(၂)ပါး ကလည်း အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြား လက်ဆွဲနှုတ်ဆက်ကြသည်။ ထို့နောက် ဝတ်ပြုကိုးကွယ်ခြင်းသို့ တက်ရောက်လာသူအားလုံးက လက်ခုပ်တီး၍ ရွှင်လန်းဝမ်းမြောက်စွာ ကြိုဆို၍ သန့်ရှင်းသောပွဲတော်မင်္ဂလာကို အတူ ပါဝင်စားသောက်ကြသည်။

| Name | Date | Type of Baptism | Baptized by |
| --- | --- | --- | --- |
| 1. Johnson Mon | 9-4-2022 | ရေဖြန်းဗတ္တိဇံမင်္ဂလာ | Rev. Henry Ang |
| 2. Yumi Mintin | 9-4-2022 | ရေနှစ်ခြင်းဗတ္တိဇံမင်္ဂလာ | Rev. Livingstone Zan |

**ဗတ္တိဇံမင်္ဂလာ နေ့ရက်၊ အချိန် နှင့် နေရာ –**

Date … September 4, 2022 .
Time … 2:00 PM
Place … Burmese Christian Fellowship Church
1337 Farmstead Ave. La Puente, CA 91745.



# အိမ်ထောင်မင်္ဂလာ

ဘုရားသခင်သည် အိမ်ထောင်မင်္ဂလာကို အစပြုပေးတဲ့ အရှင်သခင် ဖြစ်တယ်။

အစအဦးမှာ ဖန်ဆင်းရှင် ဘုရားသခင်က လူယောကျ်ားနဲ့လူမိန်းမကို ဖန်ဆင်းခဲ့တယ်။ (ကမ္ဘာဦး၊၁း၇) ပထမဆုံးလူမိန်းမ ဖြစ်တဲ့ ‘ဧဝ’ ကို ဖန်ဆင်းပြီးနောက် လူယောကျ်ားရှိရာသို့ခေါ် သွားပေးတယ်လို့ ကျမ်းစာမှာ ဖော်ပြထားပါတယ်။ အဲဒီအခါ လူယောကျ်ားဖြစ်တဲ့ ‘အာဒံ’ ဟာ ပျော်လွှန်းလို့ “ငါ့အရိုးထဲကအရိုး၊ ငါ့အသားထဲကအသား” လို့ပြောခဲ့တယ်။– (ကမ္ဘာ၊၂း၂၁၊၂၄)

လင်မယားတို့သည် နှစ်ဦးမဟုတ် တဦးတည်း ဖြစ်၏။– (မဿဲ၊၁၉း၄–၆)

ဘုရားသခင်က အိမ်ထောင်မှာ သားသမီးများနှင့်အတူ ပျော်ရွှင်ကြည်နူးစေချင်တယ်။။ ဘုရားသခင့်အလိုတော်နဲ့အညီ မိမိတို့အိမ်ထောင်ကိုတည်ဆောက်ရန် အောက်ဖော်ပါ အချက်များက အထောက်အကူ ဖြစ်စေပါလိမ့်မယ်။

**၁။ အိမ်ထောင်သာယာဖို့ ထာဝရဘုရားသခင်ကို အားကိုးပါ။**

ယောကျ်ားနှင့်မိန်းမ အိမ်ထောင်ပြုလိုက်တဲ့အခါ အစစအရာရာ ပြီးပြည့်စုံသွားပြီလို့ ကျွန်ုပ်တို့ ယူဆကြပါလိမ့်မယ်။ လက်တွေ့မှာတော့ မေတ္တာစစ်၊ မေတ္တာမှန်နဲ့ ချစ်ကြိုက်ကြပြီး အိမ်ထောင်ပြုခဲ့တဲ့သူ တွေတောင် ပြဿနာတွေ အများကြီးကြုံရတတ်တယ်။

ဘယ်လို ဒုက္ခပြဿနာမျိုး ကြုံတွေ့ရပါလေစေ၊ ဘုရား၏အမွေစား အမွေခံ သားသမီး အရိုက်အရာကိုရရှိထားသူ ခရစ်ယာန်ဇနီးမောင်နှံများ၊ မိသားစုများ၊ အိမ်ထောင်များ အတွက် ပျော်ရွှင်စေဖို့ သမ္မာကျမ်းစာထဲမှာ လမ်းညွှန်ချက်တွေ ရှိနေပါတယ်။ ဆာလံကျမ်း၊ သုတ္တံကျမ်း၊ ဒေသနာကျမ်း၊ မှအစ သြဝါဒစာစောင်တွေကိုဖတ်ရှုလေ့လာပြီး မှန်ကန်စွာကျင့်သုံးကြမယ်ဆိုရင် သင့်အိမ်ထောင်၊ သင်ရဲ့မိသားစုမှာ စိတ်ရွှင်လန်းခြင်း၊ အမြင်ရှင်းလင်းခြင်း၊ အိမ်ထောင်ခိုင်မြဲခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ဖြောင့်မတ်မှန်ကန်ခြင်း၊ သစ္စာရှိခြင်း စသည် တို့အားဖြင့် စိတ်ကြည်နူးမှုကို ခံစားရပြီး ပျော်ရွှင်ချမ်းမြေ့၍ ငြိမ်သက်သော အိမ်ထောင်အဖြစ် မင်္ဂလာရှိလိမ့်မယ်။

**၂။ အိမ်ထောင်ဖက်ရဲ့ ခံစားချက်ကို ဂရုစိုက်ပေးပါ။**

သမ္မာကျမ်းစာက – အိမ်ထောင်ဦးစီးဟာ ခင်ပွန်း ဖြစ်တယ်။ — (ဖေက်၊၅း၁၃)

သင်ဟာ ခင်ပွန်းတစ်ယောက် ဖြစ်တယ်ဆိုရင် သင့်ဇနီးကို သနားကြင်နာမှုနဲ့ ဂရုစိုက် စောင့်ရှောက်ဖို့ ဘုရားသခင် တောင်းဆိုနေတယ်။ — (၁ပေ၊ ၃း၇)

သင့်ရဲ့ဘဝလက်တွဲဖော်အဖြစ် ဇနီးသည်ကို ဘုရားသခင် ပေးထားတာ ဖြစ်တယ်။ ဒါကြောင့်၊ ကိုယ့်ရဲ့ဇနီးကို ဂုဏ်တင်ဖို့၊ မေတ္တာနဲ့ပြုမူဆက်ဆံဖို့၊ ကြင်နာညှာတာ တဲ့လုပ်ရပ် တွေနဲ့ ဝတ္တရားကျေရမယ်။ — (ကမ္ဘာ၊၂း၁၈)

ကိုယ့်ဇနီးကို အလွန်ချစ်မြတ်နိုးရမယ်။ ကိုယ့်အကျိုးထက် ဇနီးရဲ့အကျိုးကို ဦးစား ပေးရမယ်။ မေတ္တာဖြင့် နားလည် သည်းခံ ပေးရမယ်။— (ဖေက်၄း၂ ။ ၅း၂၇–၂၉)
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

သင်ဟာ ဇနီး ဖြစ်တယ် ဆိုရင် ကိုယ်ခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံပါ။ ချစ်ခြင်းမေတ္တာပြလျက် အိမ်ထောင်မှာ ဘုရားသခင် အုပ်စိုးတော်မူကြောင်းကို သက်သေပြသောသူ ဖြစ်ရမယ်။ ပြုမူလေရာတိုင်းမှာ မေတ္တာ၊ စေတနာ၊ အနစ်နာခံ ပြုစုရမယ်။ ခင်ပွန်းကို လေးစား၍ သဘောတူညီမှုအပြည့်နဲ့ ပူးပေါင်းဆောင်ရွက် ပံ့ပိုးကူညီသူဖြစ်ရမယ်။ သို့မှသာ သင်ဟာ ဘုရားသခင်ရှေ့၊ ခင်ပွန်းရှေ့၊ မိသားစုရှေ့မှာ အဖိုးထိုက်တန်သူ တစ်ယောက် ဖြစ်မည်။ — (သုတ္တံ၊၃၁း၁၀)

ခင်ပွန်းကောင်း၊ ဇနီးကောင်း၊ ဖြစ်မှသာ ကိုယ့်အိမ်ထောင်နဲ့ မိသားစုကို ပျော်အောင်ထားနိုင်မှာပါ။ အများစုက ငွေကြေးနဲ့ဂုဏ်ပကာသန၊ ပတ်ဝန်းကျင်နဲ့ အပေါင်းအသင်းတွေကို ရှေ့တန်းတင်တတ်တယ်။ ဒါဟာ မှားတယ်လို့ မထင်ကြပေမဲ့၊ အနည်းအများတော့ ကွာဟမှု၊ စိတ်သဘောချင်း မတိုက်ဆိုင်မှုတွေကြောင့် ပျော်ရွှင်ကြည်နူးမှုတွေ ကင်းဝေးလာတတ်တယ်။– ကိုယ့်အိမ်ထောင်ဖက်ပျော်အောင် ဘယ်လိုလုပ်ရမလဲဆိုတာ အချိန်ယူပြင်ဆင်ဖို့လိုပါလိမ့်မယ်။ အိမ်ထောင်ခိုင်မြဲဖို့က မေတ္တာစကားပြော၊ ကြင်နာတဲ့လုပ်ရပ်တွေပြသင့်တယ်။ — (ယာ၊၁း၁၉)

## ၃။ အမုန်းကိုဖယ်ရှား၍ မေတ္တာပွားပါ။

အဆိုးအားဖြင့် အရှုံးမခံနှင့်။ အကောင်းအားဖြင့် အဆိုးကိုနိုင်လော့။ — (ရောမ၊၁၂း၂၁)

မတူညီတဲ့အိမ်ထောင်မှ မစုံလင်တဲ့လူသားနှစ်ဦး အစပြုတည်ထောင်ခဲ့တဲ့ အိမ်ထောင်မှာ အကြောင်းတရား တစ်ခုမကဘဲ ထို့ထက်များပြားပါစေ၊ စိတ်သဘောချင်း မညီညွတ်လို့ စိတ်နဲ့ဖြစ်စေ၊ စကားနဲ့ဖြစ်စေ၊ လက်စားချေ လက်တုံ့ပြန်ခဲ့ရင် မုန်းတီးမှု သံသရာက မပြီးဆုံးနိုင်တော့ဘူး။

ကိုယ့်ရဲ့အတွေးနဲ့ ခံစားချက်တွေကို အမှန်အတိုင်း အကဲဖြတ်ဖို့ အမြဲတော့ မလွယ်ဘူး။ ဒါပေမဲ့ သမ္မာကျမ်းစာက ကိုယ့်ရဲ့စိတ်နှလုံးထဲက အတွေးတွေ၊ အကြံအစည်တွေကို ပိုင်းခြား၍သိမြင်အောင် ကူညီပေးနိုင်တယ်။ — (ဟေဗြဲ၊ ၄း၁၂)

ဒါကြောင့်၊ တစ်ယောက်ယောက်က ကိုယ့်ကို ထိခိုက်နစ်နာအောင် ပြောတယ်၊ နာကျင်အောင်လုပ်တယ်ဆိုရင် ကိုယ့်ကိုယ်နဲ့စိတ်ကိုချုပ်တည်းပြီး အေးအေးဆေးဆေး ဖြေရှင်းနိုင်ပါတယ်။ ပြဿနာကို ထုတ်ဖော်လိုက်လို့ အကျိုးရှိတဲ့အခါတွေလည်း ရှိနိုင်ပါတယ်။ တစ်ခါတလေ ပြဿနာကိုလျစ်လျူရှုလိုက်တာက အကောင်းဆုံးပဲ။ လက်စားမချေပါနဲ့။ မုန်းတီးမှုသံသရာကို အဆုံးသတ်လိုက်ပါ။ ၁ကော၊၁၃း၄–၈ ၌၊ ရေးထားတဲ့ မေတ္တာဘွဲ့ကိုကျင့်သုံးရင် အိမ်ထောင်မှာ မင်္ဂလာရှိမယ်။

## ၄။ ပူးပေါင်းလုပ်ဆောင်ဖို့ အမြဲစဉ်းစားပါ။

သမ္မာကျမ်းစာက– သင်ဟာ အိမ်ထောင်ပြုလိုက်ပြီဆိုရင် သင့်အိမ်ထောင်ဖက်နဲ့
“တစ်သားတစ်ကိုယ်တည်း” ဖြစ်သွားပြီ။ — (မဿဲ၊၁၉း၅)

ဒါပေမဲ့၊ အိမ်ထောင်ဖက် လင်နဲ့မယားနှစ်ဦးဟာ သီးခြားပုဂ္ဂိုလ်တွေဖြစ်နေတဲ့အတွက် အမြင်ချင်းလည်း တူကြမှာမဟုတ်ဘူး။ ဒါကြောင့် သင်တို့ရဲ့ တွေးခေါ်ပုံတွေ၊ ခံစားချက်တွေကို တစ်ထပ်ထဲကျအောင် ကြိုးစားဖို့လိုတယ်။ အပေးနဲ့အယူ၊ လိုတိုးပိုလျော့မှုတွေ ရှိကိုရှိရမယ်။ နှစ်ဦးလုံးစည်းလုံးမှသာ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကို ကျေကျေနပ်နပ် ချနိုင်မှာဖြစ်တယ်။ တိုင်ပင်ဆွေးနွေးရင် အောင်မြင်နိုင်ပါတယ်။

အကြံရှိသောသူသည် သူတပါးနှင့်တိုင်ပင်လျှင် အကြံထမြောက်၏။ — (သုတ္တံ၊၂၀း၁၈) သမ္မာတရားအတိုင်း နာခံ၍ လိုက်ရောက်သောသူတို့သည် မင်္ဂလာရှိ၏။ လို့ ကျမ်းစာကလည်း ဖေါ်ပြထားပါတယ်။ (သုတ္တံ၊၈း၃၂–၃၃)

## ၅။ အပြစ်မတင်ပါနဲ့၊ အကောင်းမြင်ပေးပါ။

ကိုယ်ရော၊ ကိုယ့်အိမ်ထောင်ဖက်ပါ အားနည်းချက်တွေ ရှိတယ်ဆိုတာ သတိရပါ။

ငါတို့ရှိသမျှသည် အများသောအားဖြင့် မှားတတ်ကြ၏။ စကားအားဖြင့် မှားခြင်း မရှိသောသူမည်သည်ကား စုံလင်သောသူ ဖြစ်၏။ မိမိကိုယ်တကိုယ်လုံးကို ချုပ်တည်းနိုင်သောသူ ဖြစ်၏။ — (ယာကုပ်၊၃း၂)

ကိုယ့်အိမ်ထောင်ဖက်ရဲ့ အရည်အသွေးကောင်းတွေကို မြင်တတ်အောင် ကြိုးစားပါ။ သမ္မာကျမ်းစာမှ လမ်းညွှန်ချက်တွေကို စိတ်ရှည်စွာနဲ့ လက်တွေ့လိုက်နာကျင့်သုံးရင် အကျိုးရှိကြောင်းကိုစိတ်ချပါ။ ယုံကြည်ပါ။ နှုတ်ကပတ်တော်နှင့်အညီ ကြိုးစားနေထိုင်ကြတဲ့ သင်တို့ကို ဘုရားသခင် ဆုချလိမ့်မယ်။ အိမ်ထောင်နှောင်ကြိုးလည်း တစ်နှစ်ပြီးတစ်နှစ် ပိုမိုခိုင်မြဲလာလိမ့်မယ်။ သင့်အိမ်ထောင်က အသီးအပွင့်တွေနဲ့ဝေဖြာပြီး တင့်တယ်နေရင် အိမ်ထောင်မှာမင်္ဂလာရှိတယ်။ သို့မှသာ တပါးသူတွေကို လက်ဆင့်ကမ်း ကျေးဇူးပြုနိုင်မယ်။ — (ဂလာတိ၊၆း၉–၁၀)

## ၆။ သားသမီးများကို ဆုံးမသွန်သင်ပါ။

အိမ်ထောင်မှာသားသမီးများသည် ထာဝရဘုရားဆုချ၍ ပေးသနားတော်မူသောအမွေဥစ္စာဖြစ်လို့ သူတို့ကိုတောက်ပအောင်၊ တန်ဖိုးတက်အောင်၊ အရည်အသွေးမပျက်ရလေအောင် ထိန်းသိမ်းစောင့်ရှောက်ဖို့က မိဘတာဝန် ၊ သားသမီးတွေကို ဒေါသနဲ့မဟုတ် မေတ္တာနဲ့သွန်သင်ဆုံးမဖို့က မိဘဝတ္တရား ဖြစ်တယ်။ ကျမ်းစာက၊– သူငယ်သွားရာလမ်းဝ၌ ဆုံးမလော့။ သို့ပြုလျှင်၊ သူသည် အိုသောအခါ ထိုလမ်း၌မလွှဲ လိုက်သွားလိမ့်မည် လို့ ပြောထားတယ်။ — (သုတ္တံ၊၂၂း၆)

အဘတို့၊ – ကိုယ်သားသမီးကို စိတ်ဆိုးစေခြင်းငှါမပြုကြနှင့်၊ သခင်ဘုရား၏အလိုတော်နှင့်ညီသော ဆုံးမသွန်သင်ခြင်းကို ပြုလျက် ကျွေးမွေးကြပါ။ — (ဖေက်၊၆း၄)

မိခင်တို့၊ – ထာဝရဘုရားကို ကြောက်ရွံ့ရိုသေ၍ ပညာရတနာနှင့်သမ္မာသတိကို အစဉ်အမြဲစောင့်ရှောက်ဖို့ ကိုယ်သားသမီးတို့ကို နှုတ်ကပတ်တော်နှင့်အညီ သွန်သင်ပါ ။

မိဘတို့၊– သားသမီးတို့အား အရာရာ၌ ကောင်းသောအကျင့်ပုံသက်သေကို ကိုယ်တိုင်ပြကြပါ။ ဆုံးမသွန်သင်တဲ့အခါ တည်ကြည်စွာနဲ့ သန့်ရှင်းသောစကားဖြင့် ပြောဆိုရန်သတိပြုပါ။

သားသမီးတို့၊–မိဘစကားကို အရာရာ၌နားထောင်ကြလော့။ မိဘစကားကိုနားထောင်ခြင်းအမှုသည် သခင်ဘုရားနှစ်သက်တော်မူသောအမှုဖြစ်၏။ — (ကောလောသဲ၊၃း၂၀)

အိမ်ထောင်မှာ ထာဝရဘုရားကို ကိုးစားခိုလှုံရင် ‥ မင်္ဂလာရှိမည်။
မိဘရဲ့ချစ်မေတ္တာကို သိမြင်နားလည်သူ သားသမီးများ ‥ အမှန်လိမ္မာကြမည်။
အိမ်ထောင်မှာ မိဘရဲ့စေတနာက ‥ ဆုကျေးဇူး ၊ မိဘရဲ့မေတ္တာက ‥ နွေးထွေးမှု ၊
မိဘတွေက ဂတိသစ္စာတည်ရင် ‥ အရာရာမှာ စိတ်ချလုံခြုံမည်။

မိဘရဲ့ကြင်နာတဲ့အပြော ၊ လက်တွေ့ကျတဲ့လုပ်ရပ်က ‥ သားသမီးများအတွက် ခွန်အား၊
မိဘနဲ့သားသမီးများ ချစ်ခင်စည်းလုံးညီညွတ်ရင် ‥ သာယာချမ်းမြေ့ မင်္ဂလာရှိမည်။

ထိုသို့သော မင်္ဂလာအိမ်ထောင် အများစုစည်းရာ အသင်းတော်သည်လည်း
မင်္ဂလာအပေါင်းနှင့်ပြည့်စုံ၍ ဘုရားသခင်၏ဘုန်းတော်ထင်ရှားမည်။
ဟာလေလုယ! ‥ အာမင် ။ ။

# ခရစ်ယာန်အိမ်ထောင်နှင့်မိသားစု

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

*သင်၏ဘုရားသခင်ထာဝရဘုရားကို ချစ်ပါ။*

*လုကာ၊ ၁၀း၂၇။*

*အစဉ်အမြဲသစ္စာရှိပါ။*

*သုတ္တံ၊ ၁၂း၂၂။*

*အပြစ်လွှတ်၍မေ့ပစ်လိုက်ပါ။*

*မိက္ခာ၊ ၇း၁၈။*

*ကျေးဇူးပြုခြင်း၊သနားကြင်နာခြင်းရှိကြပါ။*

*ဧဖက်၊ ၄း၃၂။*

*သစ္စာရှိပါ။*

*ရောမ၊ ၄း၂၁။*

*အလုပ်ကိုကြိုးစားပါ။*

*ကောလောသဲ၊ ၃း၁၂။*

*အရာရာ၌ကျေးဇူးတော်ကို ချီးမွမ်းပါ။*

*၁သက်၊ ၅း၁၈။*

*အရှုံးမပေးနှင့်။*

*ဖိလိပ္ပိ၊ ၄း၁၃*

*အရေးကြီးဆုံးက*

*တစ်ဦးကိုတစ်ဦးချစ်ခင်ပါ။*

*၁ပေ၊ ၁း၂၃။*

# ခရစ်ယာန်အိမ်ထောင်၏ဥပဒေ

~~~~~~~~~~~~~~~~~~~~~~~~~~~~

မခြားမလပ် ဆုတောင်းပဌနာပြုပါ။

၁သက်၊၁၅း၁၇။

အစဉ်အမြဲသစ္စာရှိပါ။

သုတ္တံ၊၁၂း၂၂။

*ကောင်းကြီးများကိုရေတွက်ပါ။*

*ဆာလံ၊ ၃၂း၁-၃။*

*အပြစ်လွှတ်၍မေ့ပစ်လိုက်ပါ။*

*မိက္ခာ၊ ၇း၁၈။*

*ညစ်ညူးကြမ်းတမ်းသောစကားကိုမပြောနှင့်။*

*ဧဖက်၊ ၄း၂၉။*

ကျေးဇူးပြုခြင်း၊သနားကြင်နာခြင်းရှိကြပါ။

*ဧဖက်၊ ၄း၃၂။*

*ရိုသေခြင်းရှိပါ။*

*ဧဖက်၊ ၆း၁-၃*

*တပါးသူကိုဦးစားပေးပါ။*

*ရောမ၊ ၁၅း၁-၂။*

*အဓိကအရာမှာ*

*တစ်ဦးကိုတစ်ဦးချစ်ခင်ပါ။*

*၁ပေ၊ ၁း၂၃။*